# ညီလာခံကျင်းပရေးအကြိုညှိနှိုင်းဆွေးနွေးပွဲ (တယ်လီဖုန်းဆွေးနွေးပွဲ) မှတ်တမ်း / ၁

ရက်စွဲ ။ ။ မတ်လ(၂၀)ရက် ၊ ၂၀၁၀ ။
စနေနေ့ ။

အခမ်းအနားမှူး ။ ။ ကိုကိုလေး ၊ ကိုရဲထွန်း
မှတ်တမ်း ။ ။ ကိုဇော်ကိုနိုင်၊ ကိုဇော်နေမျိုး

## ဆွေးနွေးပွဲတက်ရောက်သူများ

(၁) ကိုဇော်ကိုနိုင်
(၂) Dr-ခင်စိန်
(၃) ဆရာတော် ဦးပညာဇောတ
(၄) မခင်စန်းနွယ်
(၅) ကိုမင်းနိုင်
(၆) ကိုလှစိုး
(၇) ကိုကိုလေး
(၈) ကိုဇော်နေမျိုး
(၉) ကိုအောင်သန်း
(၁၀) ဆရာတော် ဦးအဂ္ဂဓမ္မ
(၁၁) ကိုရဲထွန်း
(၁၂) ကိုစိုးမိုး
(၁၃) ကိုဇော်ဇော်
(၁၄) ကိုထွန်းအောင်ကျော်
(၁၅) ကိုရာဇာ
(၁၆) ကိုခွန်ထွန်းတောက် (NDF - အမေရိကန်နိုင်ငံဆိုင်ရာကိုယ်စားလှယ်)
(၁၇) ကိုစိုးသန်း
(၁၈) ကိုမျိုးသန့်
(၁၉) ကိုခွန်အိုး (NDF - ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် / ထိုင်းနယ်စပ်မှ ဆွေးနွေးပွဲတက်ရောက်သည်)
(၂၀) ကိုစိုင်း
(၂၁) ကိုမြင့်မောင်ဌေး ။
* (တယ်လီဖုန်းမှတ်တမ်းအရ ဖုန်းခေါ်သူ- ၄၃- ဦးရှိသည် / စီစစ်ကြည့်ရာတွင် လူဦးရေ-၃၀- ကျော်တက်ရောက်သည် ) ။

## ဆွေးနွေးသည့်အကြောင်းအရာများ

(က) ညီလာခံကျင်းပမည့် (Buffalo)မြို့၏ ဒေသအခြေအနေများအားတင်ပြရန် ။
(ခ) NDF မှ CEC တာဝန်ယူထားသည့် ရဲဘော်တဦးနှင့် ဆွေးနွေးခဲ့မှုအစီရင်ခံစာအား ဖတ်ကြားတင်ပြရန် ။
(ဂ) ညီလာခံဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းရန်နှင့် တာဝန်ပေးအပ်ရန် ။
- ညီလာခံကျင်းပရေးကော်မတီဖွဲ့စည်းရန် ။
- တယ်လီဖုန်းဆွေးနွေးပွဲများခေါ်ယူကျင်းပရေး ။
    * နိုင်ငံတကာရှိအင်အားစုများ
    * အမေရိကန်ရှိအင်အားစုများ

(ဃ) ရံပုံငွေရှာဖွေရန် ။
(င) ညီလာခံအမည်ရွေးချယ်ရန် ။
(စ) ညီလာခံဖိတ်ကြားရေး
-နယ်စပ်/နိုင်ငံတကာ အင်အားစုများအား ဖိတ်ကြားရေး ။

(က) ညီလာခံကျင်းပမည့် (Buffalo)မြို့၏ ဒေသအခြေအနေများအားတင်ပြရန် ။

-ညီလာခံကျင်းပမည့်အခန်းကိစ္စအား ဆွေးနွေးထားပြီးဖြစ်သည် ။
-ဒေသခံရဲဘော်များမှ ညီလာခံအား ပူးပေါင်းဆောင်ရွက်မှုရှိရေးအတွက် ဆွေးနွေးပွဲခေါ်ရန် ပြင်ဆင်နေပြီဖြစ်သည် ။
-ညီလာခံအား ဦးဆောင်ကျင်းပမည့်သူတို့၏ အခြေအနေများကို မိတ်ဆက်ရန်ရှိသည် ။
-ရံပုံငွေရှာဖွေပေးနိုင်မည့် အခြေအနေရှိသည် ။
-အသေးစိတ်သိလိုလျင် (Buffalo)မြို့မှ ဒေသခံရဲဘော်များအား ဆက်သွယ်မေးမြန်းနိုင်သည် ။

(ခ) NDF မှ CEC တာဝန်ယူထားသည့် ရဲဘော်တဦးနှင့် ဆွေးနွေးခဲ့မှုအစီရင်ခံစာအားဖတ်ပြရန် ။

- ရဲဘော်ဇော်ကိုနိုင်တင်ပြထားသော အစီရင်ခံစာအား ဖတ်ကြားဆွေးနွေးသည် ။
-ရှေ့တပတ်ဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေးရန်ဖြစ်သည် ။
-နယ်စပ်တွင် ရုံးခန်းဖွင့်နိုင်ရေး၊ နယ်စပ်ရှိတိုင်းရင်းသားအင်အားစုများနှင့် ဆက်စပ်လုပ်ကိုင်ရေး စသည့်ကိစ္စများကို ညီလာခံတွင် တင်သွင်းဆွေးနွေးရန်ဖြစ်သည် ။

(ဂ) ညီလာခံဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းရန်နှင့် တာဝန်ပေးအပ်ရန် ။
- ညီလာခံကျင်းပရေးကော်မတီဖွဲ့စည်းရန် ။
- တယ်လီဖုန်းဆွေးနွေးပွဲများခေါ်ယူကျင်းပရေး ။
  * နိုင်ငံတကာရှိအင်အားစုများ
  * အမေရိကန်ရှိအင်အားစုများ

- ညီလာခံဖြစ်မြောက်ရေးကော်မတီအား ကော်မတီဝင်ဦးရေအကန့်အသတ်မရှိ ပါဝင်ဖွဲ့စည်းစေရန် ။
- နိုင်ငံတကာ၊ အမေရိကန်နှင့် နယ်စပ်ရှိနိုင်ငံရေးအင်အားစုများမှ ရဲဘော်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဖွဲ့စည်းစေရန် ။

* (၁) ညီလာခံဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းရန် ဆွေးနွေးဆုံးဖြတ်သည် ။
* (၂) ညီလာခံဖြစ်မြောက်ရေးကော်မတီတွင် (Utica)ညီလာခံမှ (CC)ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတကာ၊ အမေရိကန်နှင့် နယ်စပ်ရှိနိုင်ငံရေးအင်အားစုများမှ ရဲဘော်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဖွဲ့စည်းသွားရန် ဆွေးနွေးဆုံးဖြတ်သည်။
* (၃) ယနေ့ မတ်လ(၂၀)ရက် ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် တက်ရောက်လာသော ရဲဘော်များအားလုံး၊ ညီလာခံကျင်းပမည့် (Buffalo)မြို့မှ ဒေသခံရဲဘော်များနှင့် ညီလာခံဖြစ်မြောက်ရေးကော်မတီအား ဖွဲ့စည်းလိုက်သည်၊ တိုးချဲ့ဖွဲ့စည်းရန်လည်းဆွေးနွေးဆုံးဖြတ်သည် ။

- ညီလာခံကျင်းပရေးကော်မတီဖွဲ့စည်းရေး

* ညီလာခံကျင်းပရေးကော်မတီဖွဲ့စည်းရန်ဆွေးနွေးဆုံးဖြတ်သည် ။
- ညီလာခံကျင်းပရေးကော်မတီတွင် ညီလာခံကျင်းပမည့် (Buffalo)မြို့မှ ဒေသခံရဲဘော်များ၊ ဒေသနှင့်နီးသည့် ရဲဘော်များအား ပါဝင်ဖွဲ့စည်းစေချင်သည် ။
* ညီလာခံကျင်းပရေးကော်မတီအား ညီလာခံကျင်းပမည့် ဒေသခံရဲဘော်များ၊ ဒေသအနီးတဝိုက်တွင်ရှိသည့် ရဲဘော်များနှင့် ဖွဲ့စည်းရန်နှင့် လိုအပ်သလို တိုးချဲ့ဖွဲ့စည်းသွားရန် ဆွေးနွေးဆုံးဖြတ်သည် ။
- တယ်လီဖုန်းဆွေးနွေးပွဲများခေါ်ယူကျင်းပရန်
  - နိုင်ငံတကာနှင့် အမေရိကန်ရှိ အင်အားစုများအား ဖိတ်ခေါ်၍ ကျင်းပရန် လိုအပ်သည် ။
  - ပြည်တွင်း/ပ အင်အားစုများအား ဖိတ်ခေါ်၍ တယ်လီဖုန်းဆွေးနွေးပွဲများ လုပ်သင့်သည်မှန်သော်လည်း နီးစပ်ရာ ရဲဘော်များ၊ အင်အားစုများနှင့် စတင်ဆွေးနွေးစေချင်သည် ။
  - ပြည်တွင်းနိုင်ငံရေး အခြေအနေအရ အချိန်သိပ်မရှိပါ ။
  - အမေရိကန်ရှိအင်အားစုများအား ပါဝင်ဆွေးနွေးရန် စီစဉ်သင့်သည် တပေါင်းတစည်းတည်းဖြစ်စေချင်သည် ။
  - တယ်လီဖုန်းဆွေးနွေးပွဲများအား သေချာစွာလုပ်သင့်သည် ။
  * တယ်လီဖုန်းဆွေးနွေးပွဲများအား အပတ်စဉ်ကျင်းပရန်၊ လိုအပ်လျင် ဆွေးနွေးပွဲများတိုးချဲ့၍ ကျင်းပရန်နှင့် ထိုဆွေးနွေးပွဲများအား နိုင်ငံတကာ၊ အမေရိကန်၊ ပြည်တွင်းနှင့် နယ်စပ်ရှိအင်အားစုများကိုဖိတ်ခေါ်၍ ကျင်းပသွားရန် ဆွေးနွေးဆုံးဖြတ်သည် ။

(ဃ) ရံပုံငွေရှာဖွေရန် ။

- ညီလာခံကျင်းပနိုင်ရေးအတွက် ရံပုံငွေရှာဖွေမှုတွင် ရံပုံငွေကောက်ခံခြင်းနှင့် (Proposal)တင်၍ရှာဖွေခြင်း (၂)နည်းလိုအပ်သည် ။

- ရဲဘော်တဦးချင်းစီ၏ အနိမ့်ဆုံးထည့်ဝင်ငွေအား သတ်မှတ်ပေးရန်လိုအပ်သည် ။

- ရဲဘော်မင်းနိုင်မှ (Proposal)တင်၍ ရှာဖွေပေးနိုင်မည့်မိတ်ဆွေများနှင့် ဆက်စပ်ထားမှုရှိသဖြင့် (Proposal)အား ဝိုင်းဝန်းပြုစုရေးသားရန်လိုအပ်သည် ။

* ညီလာခံဖြစ်မြောက်ရေးအတွက် ဘဏ္ဍာရေးဆပ်ကော်မတီတရပ်ဖွဲ့စည်းရန် ဆွေးနွေးဆုံးဖြတ်သည် ။

- ဘဏ္ဍာရေးဆပ်ကော်မတီအား အောက်ပါရဲဘော်များဖြင့် ရွေးချယ်တာဝန်ပေးအပ်သည် ။

ညီလာခံဖြစ်မြောက်ရေးအတွက် ဘဏ္ဍာရေးဆပ်ကော်မတီ

(၁) ကိုမင်းနိုင်
(၂) ကိုရာဇာ
(၃) ကိုစိုင်း

(င) ညီလာခံအမည်ရွေးချယ်ရန် ။

- ညီလာခံအမည်အား အောက်ပါအတိုင်းရွေးချယ်အဆိုပြုထားသည် ။

(၁) BNC (Burma National Congress) ။
(၂) မြန်မာ့ဒီမိုကရေစီအင်အားစုများ သွေးစည်းညီညွတ်ရေး တပ်ပေါင်းစုညီလာခံ ။
(၃) မြန်မာ့ဒီမိုကရေစီအင်အားစုများ သွေးစည်းညီညွတ်ရေးညီလာခံ ။
(၄) Hope For Change Burma
(၅) Burma Unity Congress (BUC)
(၆) BNC – Foundation Conference
(၇) National Conference For Democracy
(၈) အမျိုးသားတော်လှန်ရေးအင်အားစုကွန်ကရက်
(၉) မြန်မာ့ဒီမိုကရေစီရေး နီရာဂါရာ(Niagara)ကွန်ကရက်
(၁၀) အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံ (International Burma Democratic Conference)

အထက်ပါအမည်များအား အခြေခံ၍ ပြင်ဆင်ဖြည့်စွက်အတည်ပြုပေးရန် ဆွေးနွေးသည် ။

- ကိုစိုင်းမှ အထက်ပါရွေးချယ်ထားသော ညီလာခံအမည်များအား ကန့်ကွက်သည် ။
- ညီလာခံအမည်ရွေးချယ်မှုအား နောက်တကြိမ်ဆွေးနွေးပွဲတွင် ဆွေးနွေးရန်ဖြစ်သည် ။

(စ) ညီလာခံဖိတ်ကြားရေး ။

-နယ်စပ်/နိုင်ငံတကာ အင်အားစုများအား ဖိတ်ကြားရေး ။

* ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီတရပ်ဖွဲ့စည်းရန် ဆွေးနွေးဆုံးဖြတ်သည် ။

- ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီတွင် အောက်ပါရဲဘော်များအား ရွေးချယ်တာဝန်ပေးအပ်သည် ။

ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီ

(၁) Dr- ခင်စိန်
(၂) ကိုဇော်ကိုနိုင်
(၃) ကိုကိုလေး
(၄) ကိုစိုင်း
(၅) ကိုမင်းနိုင်

(၆) ကိုစိုးမိုး
(၇) ကိုရဲထွဋ်
(၈) ကိုထွန်းအောင်ကျော်
- ဦးပညာဇောတ (နောက်တကြိမ်ဆွေးနွေးပွဲတွင်မေးမြန်း၍ အတည်ပြုချက်ရယူရန်)
- ကိုခွန်ထွန်းတောက် (နောက်တကြိမ်ဆွေးနွေးပွဲတွင်မေးမြန်း၍ အတည်ပြုချက်ရယူရန်)
- ကိုဇော်နေမျိုး (စဉ်းစားမည်ဟူ၍ မေးလ်ဖြင့်အကြောင်းပြန်ရန်)

* အထက်ပါရဲဘော်(၈)ဦးမှ ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီအား တာဝန်ယူရန်နှင့် တိုးချဲ့ဖွဲ့စည်းသွားရန် ဆွေးနွေးဆုံးဖြတ်သည် ။

-NDF မှ (CEC) တာဝန်ထမ်းဆောင်နေသည့် ကိုခွန်အိုးမှ ဆွေးနွေးမိတ်ဆက်သည် ။
- ကိုရဲထွဋ်မှ ဂျာမဏီညီလာခံအား ဦးဆောင်ကျင်းပသူများက မိမိတို့အင်အားစုထံသို့ လက်ဆောင်ပေးလိုက်ကြောင်း ဆွေးနွေးတင်ပြသည် ။

<u>အထွေထွေ ။</u>

- လက်ရှိနိုင်ငံရေးအခြေအနေများကို ဆွေးနွေးသည် ။
- ဝါရှင်တန်ဒီစီရှိ ဒီမိုကရေစီအင်အားစုများ၏ တော်လှန်ရေးနေ့တွင် ကျင်းပမည့်လှုပ်ရှားမှုအခြေအနေအား ဆွေးနွေးသည် ။
- ပြည်တွင်း (NLD)နှင့် နိုင်ငံရေးအခြေအနေများအားဆွေးနွေးသည် ။

------------------------------------------------- -------------------------------------------------------------